# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၂၃/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၆) ရက်

| ၆- ၁၁- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၁၇.၆၃ |
| စင်္ကာပူဒေါ်လာ | ၁,၆၀၈.၆၄ |
| စတာလင်ပေါင် | ၂,၇၄၄.၃၉ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၆၄.၂၁ |
| တရုတ်ယွမ် | ၂၉၄.၈၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၁၄ |
| အိန္ဒိယရူပီး | ၂၃.၇၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၄.၉၇ |
| မလေးရှား ရင်းဂစ် | ၅၀၁.၉၇ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၈ |
| ရုရှားရူဘယ် | ၂၅.၈၁ |
| ထိုင်းဘတ် | ၆၄.၈၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၈ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဂျပန်နိုင်ငံတွင် အသစ်ရိတ်သိမ်းထားသည့် ဆန်ဈေးနှုန်းများမှာ စံချိန်တင် မြင့် တက်လျက်ရှိသည့်သတင်းအား တင်ပြခြင်း

➢ အမေရိကန်အခြေစိုက် မျိုးရိုးဗီဇ တည်းဖြတ်ရေးကုမ္ပဏီ Cibus Inc. သည် အိန္ဒိယ ဆန်စပါးမျိုးစေ့ကဏ္ဍသို့ နည်းပညာပံ့ပိုးပေးမည်

➢ အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံသီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးမှုရှိမည်ဟု ခန့်မှန်း

➢ အိန္ဒိယနိုင်ငံသည် စားတော်ပဲအား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ရပ်ဆိုင်း

➢ အိန္ဒိယသည် ဈေးကွက် ၂၆ ခုသို့ ဆန်တင်ပို့မှု မြှင့်တင်နိုင်ရန် ရှာဖွေနေကြောင်း APEDA ဥက္ကဋ္ဌ ပြောကြား

- **အထွေထွေသတင်းများ**

➢ ကမ္ဘာလုံးဆိုင်ရာ တင်းမာမှုများသည် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ အတွက် ခြိမ်းခြောက်မှုဖြစ်လာဟု အိန္ဒိယဗဟိုဘဏ်ပြောကြား

➢ အိန္ဒိယ-အမေရိကန် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲများ တိုးတက်လျက် ရှိပြီး သင့်တင့်မျှတသော သဘောတူညီချက်ရရှိရန် ပိုမိုနီးစပ်လာဟု Piyush Goyal က ပြောကြား

- အိန္ဒိယနိုင်ငံသည် အီရန်နိုင်ငံ ချာဘာဟာဆိပ်ကမ်းအတွက် အမေရိကန်ပြည်ထောင်စု၏ ပိတ်ဆို့အရေးယူမှု ကင်းလွတ်ခွင့်သက်တမ်းတိုးရန် ကြိုးပမ်း

- အိန္ဒိယအနေဖြင့် ရှုရှားရေနံစိမ်းအတွက် အခြားနိုင်ငံများမှ အစားထိုးဝယ်ယူနိုင်သော်လည်း ကုန်ကျစရိတ်ကြီးမည်ဟု ဆန်းစစ်သူများထောက်ပြ

# ဂျပန်နိုင်ငံတွင် အသစ်ရိတ်သိမ်းထားသည့် ဆန်ဈေးနှုန်းများမှာ စံချိန်တင် မြင့်တက်လျက်ရှိသည့်သတင်းအား တင်ပြခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၌ ဂျပန်နိုင်ငံတွင် အသစ်ရိတ်သိမ်းထားသည့် ဆန်ဈေးနှုန်းများမှာ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ၂၂-၁၀-၂၀၂၅ ရက်နေ့ထုတ် The Asahi Shimbun သတင်းစာတွင် “Trading price for newly harvested rice reaches record high” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၌ ဆန်လုံးညို ၆၀ ကီလိုဂရမ်၏ ဈေးနှုန်းမှာ အခွန်အပါအဝင် ၃၆,၈၉၅ ယန်း (အမေရိကန်ဒေါ်လာ ၂၄၃ ဒေါ်လာ) ရှိခဲ့ပြီး၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄,၁၉၅ ယန်း မြင့်တက်ခဲ့ကြောင်း၊ ဂျပန်စိုက်ပျိုးရေးသမဝါယမနှင့် အခြားသော ဆန်စပါးဝယ်ယူစုဆောင်းသူများအနေဖြင့် လက်ကားဖြန့်ဖြူးသူများထံ ပြန်လည်ရောင်းချသည့် ပျမ်းမျှဈေးနှုန်းကို ဆန်စပါးပေါက်ဈေးဟု သတ်မှတ်ကြပြီး၊ ရိတ်သိမ်းပြီး ဆန်စပါးများ ဈေးကွက်အတွင်းရောက်ရှိသည့် စက်တင်ဘာလမှစတင်၍ လစဉ်ဈေးကွက်ပေါက်ဈေးအသစ် သတ်မှတ်လေ့ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်၊ မေလတွင် ရိတ်သိမ်းခဲ့သည့် ဆန်စပါးဈေးနှုန်းများမှာ ၆၀ ကီလိုဂရမ်လျှင် ယန်း ၂၇,၆၄၉ ရှိခဲ့ပြီး၊ အမြင့်ဆုံးဖြစ်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် အဆိုပါ ဈေးနှုန်းထက် ယန်း ၉,၂၄၆ (သို့မဟုတ်) ၃၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ရောင်းချခဲ့သည့် ဆန်ပမာဏမှာ တန်ချိန် ၁၆၀,၀၀၀ ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၉၃,၀၀၀ တန် (သို့မဟုတ်) ၃၆ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်၊ နွေရာသီတွင် ဂျပန်နိုင်ငံ၌ ဆန်ပြတ်လပ်မှုများ ဖြစ်ပွားခဲ့ပြီး၊ ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ယခုအခါ ပုဂ္ဂလိကဆန်ဝယ်ယူသူများအနေဖြင့် လယ်သမားများထံမှ ဆန်အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြသဖြင့် ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း၊ ထိုသို့ မြင့်တက်ခဲ့မှုကြောင့် ဂျပန်စိုက်ပျိုးရေးသမဝါယမအနေဖြင့်လည်း ဈေးကွက်ပေါက်ဈေးကို တိုးမြှင့်သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဈေးကွက်ပေါက်ဈေးမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ဆန်အများအပြား စိုက်ပျိုးထုတ်လုပ်မှုကြောင့် ဆန်ဈေးနှုန်းများ ကျဆင်းလာမည်ကိုလည်း ဆန်စိုက်ပျိုးသူများအနေဖြင့် စိုးရိမ်လျက်ရှိကြကြောင်း၊

Agribusiness & Trade

၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်စပါးတန်ချိန် ၇.၁၅ သန်း ထွက်ရှိနိုင်ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တန်ချိန် ၆၃၄,၀၀၀ များပြားနိုင်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း ဖော်ပြထားပါသည်။

**တင်ပြချက်**

ဂျပန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ ရာသီဥတု ပူပြင်းခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်၊ ဆန်စပါးရိတ်သိမ်းချိန်တွင် ဆန်အထွက်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ ဆန်အထွက်နှုန်း ကျဆင်းချိန်တွင် ဂျပန်နိုင်ငံ၌ ယန်းငွေတန်ဖိုး အလွန်အမင်းကျဆင်းခဲ့မှုကြောင့် နိုင်ငံခြားသားခရီးသွားများ အများအပြားလာရောက်ခဲ့သည့်အတွက် ဆန်ဝယ်လိုအား မြင့်တက်ခဲ့ကာ Supply and Demand မမျှတမှု ဖြစ်ပေါ်ခဲ့ပြီး ဆန်တန်ချိန် ၄ သိန်း ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် စားသောက်ဆိုင်လုပ်ငန်းကြီးများနှင့် ဆန်နှင့်ဆက်စပ်သည့် ထုတ်ကုန်များ ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ကြိုတင်စာချုပ်များ ချုပ်ဆိုကာ လယ်သမားများထံမှ ဆန်အပြိုင်အဆိုင် ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိခြင်းကြောင့် ဆန်ဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သုံးသပ်ရပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

**အမေရိကန်အခြေစိုက် မျိုးရိုးဗီဇ တည်းဖြတ်ရေးကုမ္ပဏီ Cibus Inc. သည် အိန္ဒိယ ဆန်စပါး မျိုးစေ့ကဏ္ဍသို့ နည်းပညာပံ့ပိုးပေးမည်**

အမေရိကန်ပြည်ထောင်စုအခြေစိုက် မျိုးရိုးဗီဇ တည်းဖြတ်ရေးကုမ္ပဏီ Cibus Inc. သည် Mumbai မြို့ အခြေစိုက် အကြံပေးကုမ္ပဏီ AgVayā နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ၎င်း၏နည်းပညာကို အိန္ဒိယနိုင်ငံ၏ ဆန်စပါးမျိုးစေ့ကဏ္ဍသို့ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သဘောတူညီချက်သည် ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရအေဂျင်စီများ နှစ်ခုစလုံးကို ပူးပေါင်းပါဝင်စေခြင်းဖြင့် အဆင့်မြင့် ပေါင်းသတ်ဆေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ဂုဏ်သတ္တိများ ပူးတွဲဖော်ဆောင်ရေးနှင့် စီးပွားဖြစ်ထုတ်လုပ်ရေးကို ဦးစားပေးသည့် အိန္ဒိယနိုင်ငံ၏ ဆန်စပါးလုပ်ငန်းအပေါ် အာရုံစိုက်သည့် မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်ရန် ရည်ရွယ်ကြောင်း သိရသည်။

Cibus က ၎င်း၏နည်းပညာသည် မျိုးပွားခြင်းဆိုင်ရာ အချိန်ဇယားများ (Breeding timelines) ကို ဆယ်စုနှစ်တစ်ခုကျော်အထိ အရှိန်မြှင့်တင်နိုင်ခြင်း၊ ပိုးသတ်ဆေးအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်ခြင်းနှင့် ခေတ်မီမျိုးစေ့နည်းပညာများ ရယူသုံးစွဲခွင့်ကို တိုးတက်စေနိုင်ကြောင်း ပြောကြားခဲ့သည်။ အဓိကရည်မှန်းချက်မှာ ပတ်ဝန်းကျင်အခြေအနေအသစ်များနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်သည့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော၊ အထွက်နှုန်းမြင့်မားသည့် ဆန်စပါးမျိုးများကို ဖော်ဆောင်ရန်ဖြစ်ကြောင်း သိရသည်။

Cibus ကုမ္ပဏီအနေဖြင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးထုတ်လုပ်သူနှင့် အကြီးဆုံး ဆန်စပါးတင်ပို့သူအဖြစ် သတ်မှတ်ထားသောကြောင့် အရေးပါသော အာရုံစူးစိုက်ရာ ဧရိယာတစ်ခုဖြစ်သည်။ ဆန်စပါးသည် အိန္ဒိယစိုက်ပျိုးရေးကဏ္ဍ၏ "အဓိကမဏ္ဍိုင်" ဖြစ်ကာ နိုင်ငံတော်စီးပွားရေးနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

Cibus ၏ ပူးတွဲတည်ထောင်သူနှင့် ယာယီအမှုဆောင်အရာရှိချုပ် Peter Beetham က အဆိုပါ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို အရေးပါသော ဆန်စပါးထုတ်လုပ်သည့် ဒေသများကို အထောက်အကူပြုရန်အတွက် "အရေးပါသော မှတ်တိုင်" တစ်ခုအဖြစ် ဖော်ပြခဲ့သည်။ AgVayā ၏ မိတ်ဖက် Sekhar Natarajan က အိန္ဒိယနိုင်ငံ၏ ဆန်စပါးကဏ္ဍကို အားကောင်းစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုရန်အတွက် နည်းပညာလက်ခံကျင့်သုံးမှုကို အရှိန်မြှင့်တင်ရန် ရည်မှန်းချက်ကို အလေးပေး ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်သည် လက်တင်အမေရိကအတွက် ပေါင်းသတ်ဆေးဒဏ် ခံနိုင်ရည်ရှိသော ဂုဏ်သတ္တိများကို ဆန်စပါးမျိုးရိုးဗီဇထဲသို့ မိတ်ဆက်ပေးရန် Cibus ၏ မကြာသေးမီက ဆောင်ရွက်ခဲ့သော စီမံကိန်းတစ်ခုနောက်တွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Reference: The Hindu Businessline, Cibus to provide gene editing tech to Indian rice seed industry, October 17, 2025.

……………………………………………………………………………………………

Agribusiness & Trade

## အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံသီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးမှုရှိမည်ဟုခန့်မှန်း

အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်ရှိ တောင်သူများနှင့် ခရိုင်စိုက်ပျိုးရေးအရာရှိများသည် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ပဲစင်းငုံသီးနှံ၏ ၄၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးမှုရှိမည်ဟု ခန့်မှန်းလျက်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၈ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှု အများဆုံး ပြည်နယ်တစ်ခုဖြစ်သော အဆိုပါ ပြည်နယ်သည်နိုင်ငံ့ထုတ်လုပ်မှုတွင် သိသာထင်ရှားသော ဝေစုကို ပံ့ပိုးပေးထားသည်။ အဆိုပါ အခြေအနေကြောင့် လာမည့်လများတွင် ပဲမျိုးစုံဈေးကွက်၌ အနှောင့်အယှက်များ ဖြစ်ပေါ်စေရန် အလားအလာများရှိနေသည်။ သို့သော် ပဲစင်းငုံကို Tanzania၊ Mozambique နှင့် Malawi ကဲ့သို့သော အာဖရိကနိုင်ငံများမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ (ရူပီး ၄၈,၅၀၀) ဝန်းကျင်ဖြင့် တင်သွင်းမှုများရှိသည့်အတွက် အိန္ဒိယနိုင်ငံ၏ လတ်တလော ပဲရောင်းလိုအား ပြတ်လပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယူဆထားသည်။

အဆိုပါ တင်သွင်းဈေးနှုန်းသည် ၂၀၂၆ ခုနှစ် ဇွန်လအထိ လက်ရှိရာသီအတွက် သတ်မှတ်ထားသော ပဲစင်းငုံ တစ်တန်လျှင် ရူပီး ၈၀,၀၀၀ ဖြစ်သည့် ကြမ်းခင်းဈေး (MSP) အောက်များစွာ သက်သာလျက်ရှိသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် ပဲစင်းငုံ တန်ချိန် ၃၅ ဒသမ ၆၁ သိန်း ထုတ်လုပ်ခဲ့ပြီး Maharashtra ပြည်နယ်သည် ပြည်နယ်အားလုံးတွင် အများဆုံးဖြစ်သည့် တန်ချိန် ၁၃ ဒသမ ၂၅ သိန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် တောင်သူများ သာယာဝပြောရေးဦးစီးဌာန၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံ စိုက်ပျိုးဧရိယာသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဟက်တာ ၄၆ ဒသမ ၄၅ သိန်းမှ ယခုနှစ် (၂၀၂၅-၂၆ ဘဏ္ဍာနှစ်) တွင် ဟက်တာ ၄၆ ဒသမ ၆၀ သိန်းအထိ အနည်းငယ်တိုးမြင့်လာခဲ့ကြောင်း သိရသည်။

Maharashtra ပြည်နယ်၏ စိုက်ပျိုးဧရိယာသည် ပြီးခဲ့သည့်နှစ်က ဟက်တာ ၁၁ ဒသမ ၈၉ သိန်း ရှိခဲ့ပြီး ယခုရာသီတွင် ဟက်တာ ၁၁ ဒသမ ၆၀ သိန်းကျော် ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော်သည် Maharashtra၊ Karnataka၊ Madhya Pradesh၊ Uttar

Agribusiness & Trade

Pradesh၊ Gujarat၊ Jharkhand၊ Telangana နှင့် Andhra Pradesh ပြည်နယ်ရှစ်ခုမှ လာကြောင်း သိရသည်။

ပဲစင်းငုံကို ပုံမှန်အားဖြင့် ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ မှ ၁၈၀ ကြာပြီးနောက် ရိတ်သိမ်းလေ့ရှိသည်။ သို့သော် ပဲစင်းငုံ အဓိကထုတ်လုပ်သည့် ခရိုင်များဖြစ်သော Ahilyanagar၊ Sangli၊ Satara၊ Pune၊ Beed၊ Solapur၊ Latur နှင့် Marathwada ဒေသအချို့တို့တွင် မိုးသည်းထန်စွာနှင့် ကြာရှည်စွာ ရွာသွန်းမှုများကြောင့် ပန်းပွင့်ချိန်နှင့် အသီးအနှံဖြစ်ပေါ်ချိန် နှစ်ဆင့် စလုံးတွင် သီးနှံများ ပျက်စီးခဲ့ရကြောင်း တွေ့ရှိရသည်။

Latur ခရိုင် စိုက်ပျိုးရေးအရာရှိ Shivsamb Ladke က "ဧရိယာအများအပြားမှာ ရေဝပ်နေဆဲ ဖြစ်လို့ ပဲစင်းငုံသီးနှံ ၄၀ ရာခိုင်နှုန်းခန့် ပျက်စီးနိုင်ပါတယ်" ဟု ပြောကြားခဲ့သည်။ ၎င်းက "မိုးတွေရပ် သွားပြီး နောက်မှာတောင်မှ သက်ရောက်မှုက ပြင်းထန်နေဦးမှာဖြစ်ပြီး စိုက်ခင်းအများစုမှာ ညှိုးနွမ်း မှုတွေ မြင်တွေ့ရပါတယ်" ဟုလည်း ပြောကြားခဲ့သည်။ Latur သည် ပဲကြိတ်ခွဲစက်များ ပေါများစွာရှိ သော အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ပဲမျိုးစုံဈေးကွက်များထဲမှ တစ်ခုဖြစ်သည်။ Ahmednagar ခရိုင် စိုက် ပျိုးရေးအရာရှိ Sudhakar Borale ကလည်း အလားတူ စိုးရိမ်ပူပန်မှုများကို ထပ်လောင်းပြောကြားခဲ့ ပြီး ခရိုင်၏ နေရာအနှံ့အပြားမှ ကျယ်ပြန့်သော ပျက်စီးဆုံးရှုံးမှုများ အစီရင်ခံစာများ ရောက်ရှိလာ ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှု၏ အဓိက အကြောင်းရင်းမှာ အပင်၏ ရေနှင့် အာဟာရသယ်ယူပို့ ဆောင်ရေးစနစ်ကို ပိတ်ဆို့သည့် မြေဆီလွှာမှ ပေါက်ဖွားသော မှိုရောဂါပိုးဖြစ်သည့် Fusarium wilt ကြောင့်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေးကျွမ်းကျင်သူ Deepak Chavan က ကွင်းဆင်း အကဲ ဖြတ်မှုများအရ အဆိုပါရောဂါသည် စိုက်ပျိုးထားသော ပဲစင်းငုံသီးနှံ၏ ၂၅ မှ ၃၀ ရာခိုင်နှုန်းခန့်ကို ထိခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းက "ဒီဆုံးရှုံးမှုဟာ မကြာသေးမီလတွေက ရေကြီးမှုကြောင့် ဖြစ်ခဲ့တဲ့ ပျက်စီးဆုံးရှုံးမှုတွေအပြင် ထပ်တိုးဖြစ်ပေါ်လာတာပါ" ဟု မှတ်ချက်ပြုခဲ့သည်။ သို့သော် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံကို ဆက်လက်တင်သွင်းလျက်ရှိခြင်းကြောင့် စားသုံးသူများသည် ဈေးကွက် အတွင်း သက်ရောက်မှုကို ခံစားရမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် ပဲစင်းငုံ ၄၀ ရာခိုင်နှုန်း ဆုံးရှုံးမှုသည် အိန္ဒိယ ဈေးကွက်တွင် ပဲရောင်းလိုအားပြတ်လပ်မှု ကြီးမားစွာ ဖြစ်ပေါ်စေသောကြောင့် အိန္ဒိယသို့ ပဲမျိုးစုံ တင်ပို့လျက်ရှိသော မြန်မာနိုင်ငံအတွက် ဈေးကွက်အခွင့်အလမ်း ပေါ်ပေါက်စေပါသည်။ သို့သော်

Agribusiness & Trade

အိန္ဒိယနိုင်ငံသည် ပြည်တွင်းကြမ်းခင်းဈေး (MSP) ထက် များစွာနိမ့်သော ဈေးနှုန်းများဖြင့် Tanzania နှင့် Mozambique ကဲ့သို့သော အာဖရိကနိုင်ငံများမှ တင်သွင်းမှုများအပေါ် အားထားနေရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းကို အထူးဂရုပြုရမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Maharashtra's tur production may drop 40% on crop damage due to rain, floods, October 28, 2025.

......................................................................................................................................

## အိန္ဒိယနိုင်ငံသည် စားတော်ပဲအား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ရပ်ဆိုင်း

စိုက်ပျိုးသူများ ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိစေရန် ရည်ရွယ်သည့် လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် ပဲမျိုးစုံဈေးနှုန်းများ သိသိသာသာကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းအဖြစ် သတ်မှတ်ခံထားရသော စားတော်ပဲအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းမှုကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ အဆိုပါ လုပ်ဆောင်ချက်သည် ခါရစ် (မိုးရာသီ) သီးနှံများ ဈေးကွက်သို့ ရောက်ရှိလာမှုအမြင့်ဆုံးအနေအထားသို့ ရောက်ရှိနေချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၉ ရက်နေ့က ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့ (အောက်တိုဘာလ ၂၉ ရက်နေ့) ညနေပိုင်းက ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာတစ်ရပ်တွင် ယခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ စားတော်ပဲ တင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်း တင်သွင်းခွန်နှင့် ၂၀ ရာခိုင်နှုန်း စိုက်ပျိုးရေးအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး အခွန် (AIDC) တို့ကို ကောက်ခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းသို့ ပြည်ပမှ စားတော်ပဲတင်သွင်းမှုများကို အခွန်ကင်းလွတ်ပြုလုပ်ပြီး ၇ လအတွင်း ယခုကဲ့သို့ အကောက်ခွန်ပြန်လည်ကောက်ခံရန် လုပ်ဆောင်ချက်သည် Telangana၊ Odisha၊ Maharashtr နှင့် Madhya Pradesh ပြည်နယ်များရှိ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို ၎င်းတို့၏ သက်ဆိုင်ရာ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းများ (MSPs) ဖြင့် ဝယ်ယူရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို လိုက်နာခြင်းဖြစ်

သည်။ ပဲပုပ်များ အပါအဝင် အဆိုပါ ဝယ်ယူမှုသည် ခန့်မှန်းခြေအားဖြင့် အစိုးရ၏ အသုံးစရိတ် ရူပီး ၁၅,၀၉၅.၈၃ ကုဋေကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

စားတော်ပဲတင်သွင်းခွန်ကို ပြန်လည်ကောက်ခံရန် ဆုံးဖြတ်ချက်သည် အိန္ဒိယစိုက်ပျိုးသူများအား ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိစေရန် ကူညီပေးမည်ဖြစ်သည်။ လက်ရှိတွင် ၎င်းတို့သည် အစိုးရက သတ်မှတ်ထားသော အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းများ (MSPs) ထက် လျော့နည်းသောနှုန်းထားများကိုသာ ရရှိနေခြင်းကြောင့်ဖြစ်သည်။ ပဲစင်းငုံဈေးနှုန်းများသည် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇,၅၅၀ MSP သတ်မှတ်ထားသော်လည်း ရူပီး ၇,၀၀၀ အောက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ မတ်ပဲဈေးနှုန်းမှာ ရူပီး ၇,၄၀၀ MSP သတ်မှတ်ထားသော်လည်း ရူပီး ၆,၁၅၀ တွင် ရှိနေကြောင်း သိရသည်။ ပဲတီစိမ်းဈေးနှုန်းမှာမူ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈,၆၈၂ MSP သတ်မှတ်ထားသော်လည်း ရူပီး ၆,၅၅၇ ဖြင့် ဈေးခေါ်နေကြောင်း သိရသည်။

ထို့အပြင် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနှင့် ရုရှားနိုင်ငံတို့ကဲ့သို့သော နိုင်ငံများတွင် သီးနှံအထွက်နှုန်း ကောင်းမွန်မှုကြောင့် ကမ္ဘာ့ဈေးကွက်ရှိ ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ အာဖရိကနိုင်ငံများတွင်လည်း ပဲစင်းငုံ (Tur) အထွက်နှုန်း ကောင်းမွန်ခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ ပဲမျိုးစုံအဖွဲ့ချုပ် (Global Pulses Confederation) မှ အချက်အလက်များအရ ပဲမျိုးစုံ၏ ဈေးနှုန်းများသည် လွန်ခဲ့သော ၃ လအတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ပဲနီလေး (Green Lentils) ဈေးနှုန်းများသည် ဩဂုတ်လတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၆၅-၇၈၅ ရှိခဲ့သော်လည်း လက်ရှိတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၀-၆၄၀ အထိ ကျဆင်းခဲ့ကြောင်း သိရသည်။

အာဖရိကမှ ပဲစင်းငုံ (Pigeon Peas) ဈေးနှုန်းများသည် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၆၀၀ ကျော်မှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ အထိ သိသိသာသာ ကျဆင်းခဲ့သည်။ အလားတူပင် ကုလားပဲ (Chickpeas) ဈေးနှုန်းများသည် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင်မှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ အောက်သို့ ထိုးဆင်းသွားခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံမှ စားတော်ပဲအား အကောက်ခွန်လွတ်တင်သွင်းမှုကို ရပ်ဆိုင်းလိုက်ပြီး စုစုပေါင်းအခွန် ၃၀ ရာခိုင်နှုန်းအထိ ပြန်လည်ကောက်ခံလိုက်ခြင်းကြောင့် မြန်မာနိုင်ငံမှ စားတော်ပဲ

တင်ပို့သူများအနေဖြင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းမည်ဖြစ်ပြီး အိန္ဒိယဈေးကွက်သို့ တင်ပို့မှုပမာဏ လျော့ကျသွားနိုင်ကြောင်း တွေ့ရှိရပါသည်။ သို့သော် အိန္ဒိယအစိုးရက ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့အား အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSPs) ဖြင့် ဝယ်ယူပံ့ပိုးနေခြင်းသည် မြန်မာနိုင်ငံအတွက် အဆိုပါပဲ အမျိုးအစားများ တင်ပို့မှုတည်ငြိမ်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်မည့် အခွင့်အလမ်းရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India ends duty-free yellow peas imports, October 29, 2025.

**အိန္ဒိယသည် ဈေးကွက် ၂၆ ခုသို့ ဆန်တင်ပို့မှု မြှင့်တင်နိုင်ရန် ရှာဖွေနေကြောင်း APEDA ဥက္ကဋ္ဌ ပြောကြား**

ဆန်တင်ပို့မှုများ လျင်မြန်စွာဖြင့် ကြီးထွားလျက်ရှိပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ယူကေနှင့် မက္ကဆီကိုတို့ အပါအဝင် ကမ္ဘာ့ဈေးကွက် ၂၆ ခုသို့ တင်ပို့မှုများ မြှင့်တင်နိုင်ရန် အိန္ဒိယနိုင်ငံအနေဖြင့် ရည်ရွယ်ထားကြောင်း APEDA ဥက္ကဋ္ဌ Abhishek Dev က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယ၏ ဆန်တင်ပို့မှုသည် စက်တင်ဘာလ အတွင်း ၃၃.၁၈ ရာခိုင်နှုန်း တိုးတက်ကာ ဒေါ်လာ ၉၂၅ သန်းအထိ ရရှိခဲ့ကြောင်း၊ ဧပြီလ-စက်တင်ဘာကာလအတွင်း၌ ၁၀ ရာခိုင်နှုန်းတိုးတက်ကာ ဒေါ်လာ ၅.၆၃ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးနှင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့မှုမြှင့်တင်ရေးအာဏာပိုင်အဖွဲ့ (Agricultural and Processed Food Products Export Development Authority-APEDA) သည် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုဖြစ်ပြီး နိုင်ငံ၏စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ တင်ပို့မှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

အိန္ဒိယအပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံ (BIRC) 2025 အကြောင်း အခြေအနေရှင်းလင်းတင်ပြရာတွင် Dev က ၎င်းတို့သည် ဈေးကွက် ၂၆ ခုသို့ ဆန်တင်ပို့မှုများကို တိုးချဲ့ရန် ရည်ရွယ်ထားပါကြောင်း၊ ထိုနိုင်ငံ ၂၆ ခုတွင် ဆော်ဒီအာရေးဗီးယား၊ ဗီယက်နမ်၊ အီရတ်၊ အမေရိကန်၊ မလေးရှား၊

တရုတ်၊ ပြင်သစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘရာဇီး၊ တောင်အာဖရိက၊ ဘယ်လ်ဂျီယမ်၊ ဂျပန်၊ ဂျာမနီနှင့် ကင်ညာနိုင်ငံများ ပါဝင်ပါကြောင်း၊ ယင်းနိုင်ငံများသည် ပါကစ္စတန်ကဲ့သို့သော အိန္ဒိယ၏ ပြိုင်ဘက်များထံမှ ဆန်အမြောက်အမြား တင်သွင်းနေသည့် နိုင်ငံများဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

အိန္ဒိယ-နိုင်ငံတကာဆန်စပါးညီလာခံကို ၂ ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၎င်းကို Indian Rice Exporters' Federation (IREF) မှ APEDA နှင့် ပူးပေါင်း၍ စီစဉ်ကျင်းပခြင်း ဖြစ်ကြောင်း သိရှိရသည်။

Dev က ယခုညီလာခံသည် ကမ္ဘာ့ဆန်ကုန်သွယ်ရေးတွင် ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုနှင့် ဒဏ်ခံနိုင်မှုတို့ကို မြှင့်တင်ရန်အတွက် ထုတ်လုပ်သူများ၊ တင်ပို့သူများ၊ တင်သွင်းသူများ၊ မူဝါဒချမှတ်သူများ၊ ငွေကြေးထောက်ပံ့သူများ၊ ကုန်သွယ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် အခြားဆက်စပ်ဝန်ဆောင်မှုပေးသူများအား စုစည်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံး ဆန်ထုတ်လုပ်သူနှင့် တင်ပို့သူများထဲမှတစ်ဦးဖြစ်ပြီး နိုင်ငံပေါင်း ၁၇၂ နိုင်ငံကျော်သို့ ဆန်တင်ပို့ပေးနေသဖြင့် BIRC 2025 သည် ပတ်သက်ဆက်နွှယ်သူများ၊ ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့ရေးကွင်းဆက်နှင့် သက်ဆိုင်သူများအား ၎င်းတို့၏အခန်းကဏ္ဍကို ခိုင်မာစေရန် အခွင့်အလမ်းတစ်ရပ်ဖြစ်စေမည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခမ်းအနားသို့ လယ်သမား ၃၀၀၀ ကျော်နဲ့ လယ်သမားထုတ်လုပ်သူအဖွဲ့အစည်း (FPOs)များ၊ နိုင်ငံပေါင်း ၈၀ ကျော်မှ ဝယ်လက် ၁၀၀၀ ကျော်နှင့် တင်ပို့သူ၊ စက်ရုံပိုင်ရှင်နှင့် ဆက်စပ်စက်မှုလုပ်ငန်းပေါင်း ၂,၅၀၀ ခန့် တက်ရောက်ကြမည်ဟု ခန့်မှန်းထားကြောင်းလည်း သိရှိရသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယခုညီလာခံတွင် ဆန်တင်သွင်းမှုဈေးကွက်အသစ်များမှ ရူပီး ဘီလီယံ ၁.၈၀ သိန်းရရှိရန်နှင့် ပို့ကုန်နားလည်မှုစာချွန်လွှာ ရူပီး ၂၅၀၀၀ ဘီလီယံ ရရှိရန် ရည်မှန်းထားကြောင်း ပြောကြားထားသည်။

အိန္ဒိယသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် စိုက်ဧက ဟက်တာ ၄၇ သန်းနီးပါးမှ ဆန်တန်ချိန် ၁၅၀ သန်းခန့် ထုတ်လုပ်ခဲ့ပြီး ကမ္ဘာ့စုစုပေါင်းထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်းခန့် ထွက်ရှိခဲ့သည်။

Agribusiness & Trade

စပါးပျမ်းမျှအထွက်နှုန်းသည် ၂၀၁၄-၂၅ တွင် တစ်ဟက်တာလျှင် တန်ချိန် ၂.၇၂ တန်သာ ထွက်ရှိရာမှ ၂၀၂၄-၂၅ တွင် မျိုးစေ့မျိုးကွဲများ တိုးတက်ကောင်းမွန်လာခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ပိုမိုကောင်းမွန်လာခြင်းနှင့် ရေသွင်းဧရိယာ ကျယ်ပြန့်လာခြင်းတို့ကြောင့် တစ်ဟက်တာလျှင် တန်ချိန် ၃.၂ ခန့်အထိ တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India looks to increase rice exports to 26 markets : APEDA Chairman, The Economic Times, 24 October, 2025.

.................................................................................................................

## ကမ္ဘာလုံးဆိုင်ရာ တင်းမာမှုများသည် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများအတွက် ခြိမ်းခြောက်မှုဖြစ်လာဟု အိန္ဒိယဗဟိုဘဏ်ပြောကြား

ပထဝီနိုင်ငံရေး တင်းမာမှုများသည် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများအတွက် ကြီးထွားလာသောခြိမ်းခြောက်မှုကို ဖြစ်စေကြောင်း အိန္ဒိယဗဟိုဘဏ် (RBI) က ၎င်း၏ နောက်ဆုံးထုတ်ပြန်လိုက်သော ငွေပေးချေမှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြသည်။ ဗဟိုဘဏ်က ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးစနစ်သည် ဗဟိုချုပ်ကိုင်ထားသော အခြေခံအဆောက်အအုံနှင့် လွှမ်းမိုးထားသည့် စာရင်းရှင်းလင်းသည့် ငွေကြေးအနည်းငယ်အပေါ် မှီခိုနေရခြင်းကြောင့် နိုင်ငံတကာပဋိပက္ခနှင့် ပိတ်ဆို့အရေးယူမှုများ၏ ထိခိုက်လွယ်သော အခြေအနေသို့ ရောက်ရှိလျက်ရှိကြောင်း သတိပေးထားသည်ဟု The Economic Times သတင်းဌာနက ယခုလ ၂၄ ရက်တွင် ဖော်ပြထားသည်။

အိန္ဒိယဗဟိုဘဏ်က ဘဏ္ဍာရေးစနစ်များ သို့မဟုတ် ငွေကြေးများအပေါ် ပိတ်ဆို့အရေးယူမှုများ သို့မဟုတ် ကန့်သတ်ချက်များသည် ဈေးကွက်များကို အနှောင့်အယှက်ဖြစ်စေနိုင်ပြီး မရှိမဖြစ်လိုအပ်သော ဘဏ္ဍာရေးဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်ကို ကန့်သတ်နိုင်ကြောင်း၊ ပထဝီနိုင်ငံရေး တင်းမာမှုများသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အတားအဆီးများကိုလည်း ဖန်တီးနိုင်ပြီး၊ ငွေပေးချေမှုများကို နှေးကွေးစေကာ ငွေစာရင်းရှင်းလင်းမှုများတွင် သေချာမှုအား လျှော့ချနိုင်ကြောင်းနှင့် အဆိုပါ အန္တရာယ်များသည် ငွေကြေးစီးဆင်းမှုများကို လုံခြုံစေရန်အတွက် အခြားရွေးချယ်စရာ စီစဉ်ဆောင်ရွက်မှုများကို ရှာဖွေရန် နိုင်ငံများကို တွန်းအားပေးနေပြီဖြစ်ကြောင်း ၎င်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

Agribusiness & Trade

ပထဝီနိုင်ငံရေး ဖိအားများကို ရင်ဆိုင်နေရသော နိုင်ငံများသည် လက်ရှိ ငွေပေးချေမှုစနစ်များ အတွက် နှစ်နိုင်ငံ သို့မဟုတ် ဘက်ပေါင်းစုံပါဝင်သည့် အခြားရွေးချယ်စရာများကို တိုးမြှင့်ဖော်ဆောင် နေကြကြောင်း အိန္ဒိယဗဟိုဘဏ်က မှတ်ချက်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပိုမိုခံနိုင်ရည်ရှိသော ကွန်ရက်များကို တည်ဆောက်ရန် ကြိုးပမ်းမှုများတွင် တက်ကြွစွာ ပါဝင်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။ အဆိုပါ ကြိုးပမ်းမှုများထဲတွင် မလေးရှား နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့်အတူ Nexus စီမံကိန်း (Project Nexus) သည် လက်လီနယ်စပ်ဖြတ်ကျော် ငွေကြေးလွှဲပြောင်းမှုများအတွက် ပြည်တွင်းသုံး လျင်မြန်သော ငွေ ပေးချေမှုစနစ်များကို အပြန်အလှန်ချိတ်ဆက်ရန် ကြိုးပမ်းသည့် ဘက်ပေါင်းစုံပါဝင်သည့် စီမံကိန်း တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာတွင် ၂၀၂၃ ခုနှစ်တွင် စတင်ခဲ့သော ယူပီအိုင် (UPI) နှင့် စင်ကာပူနိုင်ငံ၏ ပေးနောင်း (PayNow) တို့အကြား အိန္ဒိယနိုင်ငံ၏ လုပ်ငန်းလည်ပတ်မှု ချိတ်ဆက်မှုကိုလည်း မီး မောင်းထိုးပြခဲ့ပြီး ၎င်းစနစ်သည် လူပုဂ္ဂိုလ်အချင်းချင်းကြား ချက်ချင်းလက်ငင်းဆောင်ရွက်နိုင်ကာ ကုန်ကျစရိတ်နည်းသော ငွေလွှဲပြောင်းမှုများကို လုပ်ဆောင်နိုင်စေကြောင်း သိရသည်။ အဆိုပါ စီမံကိန်းများသည် ငွေပေးချေမှုများကို ပိုမိုမြန်ဆန်စေရန်နှင့် ပိုမိုစရိတ်စကသက်သာစေရန် ရည်ရွယ် သော်လည်း၊ ၎င်းတို့သည် မဟာဗျူဟာမြောက် ရည်မှန်းချက်ကိုပါ အထောက်အကူပြုစေကြောင်း အိန္ဒိယဗဟိုဘဏ်က ပြောကြားခဲ့သည်။ အဆိုပါ ရည်မှန်းချက်မှာ ငွေပေးချေမှု လမ်းကြောင်းများကို မတူကွဲပြားစေခြင်းနှင့် ပထဝီနိုင်ငံရေး အင်အားစုများက လက်နက်သဖွယ် အသုံးပြုနိုင်သည့် သမား ရိုးကျစနစ်များအပေါ် မှီခို အားထားမှုကို လျှော့ချခြင်းတို့ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံနှင့် ရူပီး-ကျပ်ပေးချေမှုစနစ်ကို ၂၀၂၄ ခုနှစ်မှစတင်၍ အသုံးပြုလျက်ရှိပြီး၊ ယခုအခါ အိန္ဒိယနိုင်ငံ၏ ယူပီအိုင်ခေါ် Unified Payments Interface (UPI) နှင့် မြန်မာနိုင်ငံ၏ ဥပမာ- Myanmar Payment Union (MPU) တို့ ချိတ်ဆက်ကာ လူပုဂ္ဂိုလ်အချင်းချင်း အကြား ပေးချေမှုများ မြန်ဆန်လွယ်ကူအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက နှစ်နိုင်ငံကြား လက် လီရောင်းချမှုများနှင့် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှု (e-Commerce) လုပ်ငန်းများ တိုး တက်လာမည့် အလားအလာရှိကြောင်း သိရှိနိုင်ပါရန် လေ့လာသုံးသပ်၍ တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Economic Times, Global tensions threat to cross-border payments, October 24, 2025.

Agribusiness & Trade

## အိန္ဒိယ-အမေရိကန် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲများ တိုးတက်လျက်ရှိပြီး သင့်တင့်မျှတသော သဘောတူညီချက်ရရှိရန် ပိုမိုနီးစပ်လာဟု Piyush Goyal က ပြောကြား

အိန္ဒိယနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Piyush Goyal က အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား အဆိုပြုထားသော ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးမှုများမှာ တိုးတက်လျက်ရှိကြောင်းနှင့် နှစ်ဖက်စလုံးသည် မကြာမီ သင့်တင့်မျှတပြီး တန်းတူညီမျှသော သဘောတူညီချက်တစ်ခုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း ယခုလ ၂၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဘာလင်မြို့တွင်ရောက်ရှိစဉ် Doordarshan သတင်းဌာနနှင့် ပြောဆိုရာ၌ Piyush Goyal က “ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီး ကျွန်တော်တို့၏အဖွဲ့များလည်း ပါဝင်ဆောင်ရွက်နေပါတယ်။ မကြာသေးမီက ကုန်သွယ်ရေးအတွင်းဝန်လည်း အမေရိကန်သို့ သွားရောက်ခဲ့ပြီး ၎င်း၏ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော်တို့အနေဖြင့် ၎င်းတို့နှင့် ဆက်လက်ထိတွေ့နေပြီး ဆွေးနွေးပွဲများ တိုးတက်လျက်ရှိပါတယ်။ မကြာမီ အနာဂတ်တွင် သင့်တင့်မျှတပြီး တန်းတူညီမျှသော သဘောတူညီချက်တစ်ခုရရှိရန် ကျွန်တော်တို့ မျှော်လင့်ပါတယ်။” ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အိန္ဒိယတင်သွင်းကုန်များအပေါ် အမေရိကန်၏ အကောက်ခွန် ၅၀ ရာခိုင်နှုန်းမှ လျှော့ချရန် ရည်ရွယ်သည့် ကြာရှည်စွာ ရပ်တန့်နေသော ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုအတွက် သိသာထင်ရှားသော တိုးတက်မှုများ ရရှိနေကြောင်း သိရသည်။ အိန္ဒိယ နှင့် အမေရိကန်တို့သည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်နိုင်ငံကုန်သွယ်ရေးအား အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံအထိ မြှင့်တင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံခေါင်းဆောင်များက အဆိုပြုထားသော နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက် (BTA) ကို ညှိနှိုင်းရန် တာဝန်ရှိသူများကို ညွှန်ကြားခဲ့ပြီးနောက် အိန္ဒိယနှင့် အမေရိကန်တို့အကြား ဆွေးနွေးပွဲ ၅ ကြိမ် ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်လတွင် Piyush Goyal သည် ကုန်သွယ်ရေးဆွေးနွေးပွဲများပြုလုပ်နိုင်ရန် နယူးယောက်မြို့သို့ တရားဝင်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွားရောက်ခဲ့ကြောင်း သိရသည်။

Agribusiness & Trade

ထရမ့်အစိုးရလက်ထက်တွင် အိန္ဒိယကုန်ပစ္စည်းများအပေါ် ၅၀ ရာခိုင်နှုန်းအထိ မြင့်မားသော အကောက်ခွန်များ ချမှတ်ခဲ့သည့်အပြင် ရုရှားမှ ရေနံစိမ်းဝယ်ယူမှုများနှင့် ဆက်စပ်သော တင်သွင်းကုန်များအပေါ် ၂၅ ရာခိုင်နှုန်း ထပ်ဆောင်းခွန်များ ချမှတ်ခဲ့သည့်အချိန်မှစ၍ အိန္ဒိယ-အမေရိကန် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးသည် တင်းမာမှုများအောက်တွင် ရှိနေခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက အဆိုပါ အခွန်များကို "မမျှတ၊ မတရား၊ လက်မခံနိုင်စရာ" ဟု သတ်မှတ်ခဲ့ကာ ဝါရှင်တန်က ယင်းသို့ ပိုမိုမြင့်မားသော အကောက်ခွန်များကို ကြေညာခဲ့ပြီးနောက် ဆွေးနွေးပွဲများ ခေတ္တရပ်ဆိုင်းခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတင်းမာစေခဲ့ကြောင်း သိရသည်။

ယင်းသို့ ခေတ္တရပ်နားခဲ့ပြီးနောက် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်ခဲ့ပြီး၊ ထိုအချိန်တွင် အမေရိကန်ပြည်ထောင်စု၏ တောင်အာရှနှင့် ဗဟိုအာရှဆိုင်ရာ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့၏ လက်ထောက် Brendan Lynch သည် နယူးဒေလီရှိ အိန္ဒိယ အရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများ၏ အဆိုအရ နှစ်ဖက်စလုံးသည် ညှိနှိုင်းဆွေးနွေးမှုများကို အရှိန်မြှင့်တင်ရန်နှင့် အစောပိုင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုရရှိရန် ကြိုးပမ်းကြဖို့ သဘောတူညီခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရ၏ အချက်အလက်များအရ အမေရိကန်ပြည်ထောင်စုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် လေးနှစ်ဆက်တိုက် ဆက်လက်တည်လျက်ရှိပြီး နှစ်နိုင်ငံ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၈၄ ဘီလီယံရှိကာ ၎င်းတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၅ ဘီလီယံ ပါဝင်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: India Today, India-US trade talks progressing, moving closer to fair deal, says Piyush Goyal, October 24, 2025.

……………………………………………………………………………………………………..

## အိန္ဒိယနိုင်ငံသည် အီရန်နိုင်ငံ ချာဘာဟာဆိပ်ကမ်းအတွက် အမေရိကန်ပြည်ထောင်စု၏ ပိတ်ဆို့အရေးယူမှု ကင်းလွတ်ခွင့်သက်တမ်းတိုးရန် ကြိုးပမ်း

အိန္ဒိယနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံ၊ ဗဟိုအာရှနှင့် အရှေ့ပိုင်းရုရှားနိုင်ငံတို့ကို ဆက်သွယ်သည့် ၎င်း၏ ဆက်သွယ်ရေးကွန်ရက်တွင် အရေးပါသော ဗဟိုချက်ဖြစ်သည့် အီရန်နိုင်ငံ ချာဘာဟာဆိပ်ကမ်း (Chabahar Port) အတွက် အမေရိကန်ပြည်ထောင်စု၏ ပိတ်ဆို့အရေးယူမှု ကင်းလွတ်ခွင့်သက်တမ်းတိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။ လက်ရှိ ကင်းလွတ်ခွင့်သည် အင်္ဂါနေ့ (ယခုလ ၂၈ ရက်နေ့) တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ကြောင်း The Economic Times သတင်းဌာနက ယခုလ ၂၉ ရက်တွင် ဖော်ပြထားသည်။

သတင်းရင်းမြစ်များ၏ အဆိုအရ အဆိုပါ ကင်းလွတ်ခွင့် ဆက်လက်တည်ရှိရေးအတွက် နယူးဒေလီအနေဖြင့် ဝါရှင်တန်နှင့် တက်ကြွစွာ ဆွေးနွေးလျက်ရှိပြီး၊ အမေရိကန်အစိုးရအနေဖြင့် ၎င်းဆုံးဖြတ်ချက်ကို လက်ရှိတွင် ပြန်လည်သုံးသပ်လျက်ရှိကြောင်း သိရသည်။

ချာဘာဟာဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာအရ အရေးပါပြီး အာဖဂန်နစ္စတန်နိုင်ငံနှင့် ကုန်သွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် တံခါးပေါက်အဖြစ် ဆောင်ရွက်ကြောင်း တွေ့ရှိရသည်။ ယခုလ အစောပိုင်းတွင် အိန္ဒိယနိုင်ငံသည် ၎င်း၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် လူနာတင်ယာဉ်များကို အဆိုပါဆိပ်ကမ်းမှတစ်ဆင့် ပေးပို့ခဲ့ကြောင်း သိရသည်။ ကဘူးလ်မြို့ရှိ တာလီဘန်အစိုးရသည်လည်း ၎င်း၏ ပြင်ပကုန်သွယ်မှုအတွက် ချာဘာဟာကို အသုံးပြုရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်ဟုဆိုသည်။

၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် အဆိုပါ ဆိပ်ကမ်းကို စီမံခန့်ခွဲရန်နှင့် တိုးတက်အောင်လုပ်ဆောင်ရန် အီရန်နိုင်ငံနှင့် ၁၀ နှစ်သက်တမ်းရှိ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုသည် ယခင်က ပိတ်ဆို့အရေးယူမှု ကင်းလွတ်ခွင့် ပယ်ဖျက်မည့် နောက်ဆုံးရက်ကို စက်တင်ဘာ ၂၉ ရက်အဖြစ် ကနဦးသတ်မှတ်ပြီးနောက် ၎င်းအား အောက်တိုဘာ ၂၈ ရက်အထိ သက်တမ်းတိုးပေးခဲ့ကြောင်း သိရသည်။

ချာဘာဟာဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ၏ ပိုမိုကျယ်ပြန့်သော ဒေသတွင်း ဆက်သွယ်မှုနှင့် ယူရေးရှားကုန်သွယ်မှု (Eurasian Trade) ရည်မှန်းချက်များအတွက် အဓိကကျကြောင်း တွေ့ရှိရ

Agribusiness & Trade

သည်။ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် တာဂျစ်ကစ္စတန်နိုင်ငံ အပါအဝင် ဒေသတွင်း မိတ်ဖက်နိုင်ငံများစွာသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ BRI စီမံကိန်းမှလွဲ၍ ကုန်သွယ်မှုလမ်းကြောင်း အမျိုးမျိုးပြောင်းလဲနိုင်ရန်အတွက် ချာဘာဟာဆိပ်ကမ်းကို အခြားရွေးချယ်စရာလမ်းကြောင်းတစ်ခုအဖြစ် ရှာဖွေစူးစမ်းလျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံသည်လည်း ကာဇက်စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှတစ်ဆင့် ချာဘာဟာကို အသုံးပြု၍ အိန္ဒိယနှင့် အခြားအာရှဈေးကွက်များသို့ ဝင်ရောက်နိုင်ခြေကို လေ့လာကြည့်ရှုလျက်ကြောင်း သိရသည်။

ပြီးခဲ့သည့်လက တီဟီရန်မြို့တော်တွင် ဆိပ်ကမ်းအသုံးပြုမှု မြှင့်တင်ရန်နှင့် ဆက်စပ်သယ်ယူပို့ဆောင်ရေးစင်္ကြံလမ်းများတစ်လျှောက် ပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်ရန် ရည်ရွယ်သည့် ပထမဆုံးအကြိမ် အိန္ဒိယ-အီရန်-ဥဇဘက်ကစ္စတန် နိုင်ငံတို့၏ သုံးပွင့်ဆိုင် အစည်းအဝေးကို လက်ခံကျင်းပခဲ့ကြောင်း သိရသည်။

တစ်ပြိုင်နက်တည်းတွင် အိန္ဒိယနိုင်ငံသည် ရှားပါးမြေရှားသတ္တုများနှင့် မဟာဗျူဟာမြောက် အရင်းအမြစ်များ အပါအဝင် အရေးပါသောကဏ္ဍများတွင် ကုန်သွယ်မှုဆက်ဆံရေးကို နက်ရှိုင်းစေရန်အတွက် ယူရေးရှားစီးပွားရေးသမဂ္ဂ (EAEU) နှင့် လွတ်လပ်စွာကုန်သွယ်ရေး အကြိုညှိနှိုင်း သဘောတူညီချက် (Early harvest Free Trade Agreement (FTA)) ကို ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Economic Times, India to Seek Extension of US Sanctions Waiver for Chabahar Port, October 29, 2025.

---

## **အိန္ဒိယအနေဖြင့် ရုရှားရေနံစိမ်းအတွက် အခြားနိုင်ငံများမှ အစားထိုးဝယ်ယူနိုင်သော်လည်း ကုန်ကျစရိတ်ကြီးမည်ဟု ဆန်းစစ်သူများထောက်ပြ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှား၏ အကြီးဆုံးရေနံကုမ္ပဏီကြီးနှစ်ခုကို ဒဏ်ခတ်အရေးယူမှုများချမှတ်ပြီးနောက် အိန္ဒိယရေနံချက်စက်ရုံများသည် ရုရှားရေနံစိမ်းဝယ်ယူမှုကို ရပ်တန့်

Agribusiness & Trade

သွားနိုင်ကြောင်း၊ သို့ရာတွင် ယင်းကြောင့် ကုန်ကျစရိတ်များလာမည်ဖြစ်ကြောင်း လေ့လာဆန်းစစ်သူများက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်-အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးသဘောတူညီချက်တစ်ခုတွင် အစိတ်အပိုင်း တစ်ခုအနေဖြင့် ရုရှားရေနံသွင်းကုန်များလျှော့ချရန် အိန္ဒိယဝန်ကြီးချုပ် နရန်ဒြာမိုဒီက သဘောတူထားသည်ဟု ထရမ့်က ပြောကြားထားသော်လည်း အိန္ဒိယက ယင်းကိုအတည်ပြုချက် မပေးထားကြောင်း သိရှိရသည်။

ရုရှားမှ လျှော့ဈေးရေနံများဝယ်ယူခြင်းဖြင့် ယူကရိန်းစစ်ပွဲအတွက် ရုရှားကို ငွေကြေးထောက်ပံ့ပေးနေသည်ဟု အမေရိကန်အရာရှိများက အိန္ဒိယအားစွပ်စွဲခဲ့ပြီး ထရမ့်က အမေရိကန်သို့ အိန္ဒိယတင်ပို့မှုများအတွက် အကောက်ခွန်ကို ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့သည့်နောက် ဩဂုတ်လတွင် နှစ်နိုင်ငံဆက်ဆံရေး ကျဆင်းသွားခဲ့သည်။

အမေရိကန်၏ ယခုဒဏ်ခတ်အရေးယူမှုများ ကြေညာပြီးနောက် ရေနံဈေးနှုန်းများ ငါးရာခိုင်နှုန်းကျော် မြင့်တက်သွားခဲ့ကြောင်း သိရှိရပြီး၊ ONYX Capital မှ Montepeque က AFP သို့ ပြောကြားရာတွင်" ပြန်လည်ချိန်ညှိခြင်းဆိုသည်မှာ အစားထိုးရေနံဆီများအတွက် ကုန်ကျစရိတ် ပိုမိုမြင့်မားနေခြင်းဖြစ်ပါကြောင်း၊ အရှေ့အလယ်ပိုင်းဒေသသည် ရွေးချယ်စရာတစ်ခုဖြစ်ပြီး ဈေးနှုန်းများလည်း မြင့်တက်လာနေကြောင်း" ပြောကြားခဲ့သည်။

ရုရှားရေနံစိမ်းအား အဓိကဝယ်ယူသူဖြစ်သည့် Reliance Industries က အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ဝယ်ယူမှုများကို ပြန်လည်ချိန်ညှိခြင်းဆောင်ရွက်ခဲ့သည်မှာ အမေရိကန်၏ ဒဏ်ခတ်အရေးယူမှုများ မချမှတ်မီကပင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးရေနံစိမ်းတင်သွင်းသည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့် အိန္ဒိယသည် ၎င်း၏ ရေနံလိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းအတွက် နိုင်ငံခြားရောင်းချသူများအပေါ် မှီခိုနေရသည်။

ယခင်က အရှေ့အလယ်ပိုင်းဒေသထွက် ရေနံဆီများကို မှီခိုအားထားခဲ့ရသော်လည်း ၂၀၂၂ ခုနှစ်တွင် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုကြောင့် ရုရှားနိုင်ငံ၏ ရေနံတင်ပို့မှုလမ်းကြောင်း ကျဉ်းသွားချိန်ကို အခွင့်ကောင်းယူကာ အိန္ဒိယသည် ဈေးသိသိသာသာချိုသာသည့် ရုရှားရေနံစိမ်းများကို စတင်ဝယ်ယူခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အချက်အလက်များလေ့လာစောင့်

ကြည့်ရေးအဖွဲ့ Kpler ၏ ထုတ်ပြန်ချက်အရ အိန္ဒိယသည် စက်တင်ဘာလတွင် ရုရှားမှ နေ့စဉ် ရေနံစိမ်းစည်ပေါင်း ၁.၆ သန်းကျော် သွင်းယူခဲ့သည်။

ဒဏ်ခတ်မှုများ ချမှတ်ခါနီး အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ခဲ့သော မှတ်ချက်တွင် Kpler က ယင်းစီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများသည် "သိသိသာသာ ကောင်းမွန်နေဆဲ" ဟု ဖော်ပြခဲ့သည်။ "စီးပွားရေး၊ စာချုပ်ဆိုင်ရာနှင့် နည်းဗျူဟာမြောက် အကြောင်းပြချက်များကြောင့် ရုရှား ရေနံသည် အိန္ဒိယ၏ စွမ်းအင်စနစ်ထဲတွင် နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိသည်" ဟု ၎င်းက ပြောကြားထားသည်။

ရုရှားရေနံစိမ်းသည် အိန္ဒိယအတွက် ဖွဲ့စည်းပုံအရ အလွန်အရေးကြီးဆဲဖြစ်ကြောင်း၊ ၎င်းသည် စုစုပေါင်းသွင်းကုန်၏ ၃၄ ရာခိုင်နှုန်းခန့်ရှိပြီး ရေနံချက်စက်ရုံများအတွက် လျစ်လျူရှု၍မရသော သိသိသာသာလျှော့ဈေးများ ပေးစွမ်းနေဆဲဖြစ်ကြောင်း ပြောကြားထားသည်။ သို့ရာတွင် အိန္ဒိယချက်စက်ရုံများအနေဖြင့် ပြောင်းလဲဆောင်ရွက်ရန် နည်းပညာပိုင်းအရ ခက်ခဲမည်မဟုတ်ဟု လေ့လာဆန်းစစ်သူများက ပြောကြားခဲ့သည်။

စင်ကာပူအခြေစိုက် ရေနံဈေးကွက်ဆန်းစစ်သူ Vandana Hari က လိုအပ်ပါက အိန္ဒိယ ရေနံချက်စက်ရုံများသည် အလွယ်တကူပြောင်းလဲဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း အခြားတစ်ဘက်တွင် ရေနံချက်စက်ရုံများ၏ အမြတ်အစွန်းကို ဖိအားများ ဖြစ်လာစေနိုင်ကြောင်းနှင့် သွင်းကုန်ကုန်ကျစရိတ်များ မြင့်တက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Hari က အိန္ဒိယရူပီးငွေတန်ဖိုးကျဆင်းမှုသည်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု ဆိုသော်လည်း ရေနံဈေးနှုန်း ၇၀ ဒေါ်လာမှ ၈၀ ဒေါ်လာအတွင်းသာရှိခဲ့လျှင် ကြုံတွေ့ရနိုင်သည့် ဈေးကြီးမှုအဆင့်ထိ မရောက်နိုင်ပါဟု ပြောကြားခဲ့သည်။

အိန္ဒိယကုန်သွယ်ရေးဝန်ကြီး Piyush Goyal က ကြာသပတေးနေ့တွင် နိုင်ငံပိုင်မီဒီယာများမှ ဖော်ပြခဲ့သော မှတ်ချက်များတွင် အမေရိကန်နှင့် ဆွေးနွေးမှုများသည် တိုးတက်မှုရှိနေပြီး မကြာမီအနာဂတ်တွင် တရားမျှတပြီး တန်းတူညီမျှသော သဘောတူညီချက် ရရှိရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

လေ့လာဆန်းစစ်သူများက ကြာသပတေးနေ့တွင် ကူးသန်းရောင်းဝယ်ရေးသဘောတူညီချက် ရရှိပါက ရေနံဈေးနှုန်းမြင့်တက်မှုအတွက် မျှချေပြန်ဖြစ်သွားနိုင်ပါကြောင်း၊ ရုရှားမှ ရေနံတင်သွင်းမှု

Agribusiness & Trade

ကို ပြန်လည်ချိန်ညှိခြင်း၏ ရေတိုကုန်ကျစရိတ်ထက် အမေရိကန်၏အခွန် (tariffs) လျှော့ချခြင်းမှ ရရှိမည့်အကျိုးကျေးဇူးက ပိုမိုကောင်းမွန်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားထားသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India can switch from Russian crude, but at a cost, The Economic Times, 24 October 2025

…………………………………………………………………………………………………..

Agribusiness & Trade